ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် ငွေနှစ်ရာ့ငါးဆယ်ကျပ် K 250

( ၁ )

# " စက်ယန္တရားအငှားရောင်း နှစ်ဦးသဘောတူကတိစာချုပ် "

**Used Hitachi Excacator ZX350H-3F (1)Unit**
**(SO No. 2024/01/008)**
**(Sr No; 57829)**
**Contract No. WL/HS-047/2024**

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၂၂)ရက်နေ့တွင် ထားဝယ်မြို့၌ အောက်အမည်ပါသူတို့က Used Hitachi Excavator ZX350H-3F (1)Unit စက်ယန္တရားအငှားရောင်းသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြသည်မှာ –

စက်ယန္တရားအငှားရောင်းချသူ။ ။ ဒေါ်ခင်မာသီ (ဘ) ဦးပန်းမြိုင်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်– ၆/ထဝန(နိုင်)၁၀၂၈၂၀
(for and on behalf of Chysanthemum Wealth Co., Ltd.)
အမှတ်(၄၉–က)၊ ကြက်စာပြင်ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။

စက်ယန္တရားအငှားဝယ်ယူသူ ။ ။ ဦးချမ်းမြေ့ထွန်း (ဘ) ဦးထွန်းချစ်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် – ၁၄/ပသန(နိုင်)၁၅၆၉၈၅
လိပ်စာ– ကံပေါက်ကျေးရွာ၊ အုန်းပင်ကွင်းသတ္တုဖြက်စပ်ဝင်းအတွင်း၊
ရေဖြူမြို့နယ်၊ ထားဝယ်ခရိုင်။
ဖုန်း– ၀၉–၄၉၂၉၁၂၄၃ ။

(စက်ယန္တရားအငှားရောင်းချသူနှင့် စက်ယန္တရားအငှားဝယ်ယူသူဟူသော စကားရပ်များကိုအဓိပ္ပာယ် ဖွင့်ဆိုရာတွင် ဤသဘောတူစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ၎င်းတို့ကိုယ်တိုင် အသီးသီးတို့အပြင် ၎င်းတို့၏ ဇနီး/ခင်ပွန်း၊ သား/သမီးများ၊ အမွေစား/အမွေခံများ၊ ဥပဒေနှင့်အညီအကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများ အားလုံးပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

၁။ အငှားရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် Used Hitachi Excavator ZX350-3F (1)Unit စက်ယန္တရားကို ------------ နေရာတွင်အသုံးပြုရန်အတွက် အငှားဝယ်ယူသူနှင့် ယနေ့တွင် ဤသဘောတူစာချုပ်ချုပ်ဆို၍ အငှားဝယ်ယူသူမှ နောက်ဆက်တွဲပါစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် သဘောတူညီပြီးဖြစ်သည်ဟု မှတ်ယူဝန်ခံလျက် နှစ်ဦးသဘောတူရောင်းချလိုက်ပါသည်။

၂။ ဤစာချုပ်ပါ " စက်ယန္တရား "ဟူသောစကားရပ်တွင် အငှားရောင်းချသည့်မူလစက်ယန္တရားနှင့် စက်အပိုပစ္စည်းများ၊ အငှားရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့်စက်အပိုပစ္စည်းများ ပါဝင်သည်ဟုမှတ်ယူရမည်။ သို့ရာတွင် အငှားဝယ်ယူသူမှ မိမိသဘောအလျောက်အငှားရောင်းချသူ၏ ခွင့်ပြုချက်မရရှိဘဲ လဲလှယ်တပ်ဆင် ထားသည့် စက်ယန္တရားနှင့် စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

၃။ ရောင်းချသူကမိမိရောင်းချသော Used Hitachi Excavator ZX350H-3F (1)Unit စက်ယန္တရားအား (one month service only warranty) အာမခံပါသည်။

၄။ အငှားရောင်းချခဲ့သောစက်ယန္တရားကို ပစ္စည်းလွှဲပြောင်းလက်ခံရမည့် နေ့ရက်မှစ၍(၁)လအတွင်း ပစ္စည်းလွှဲပြောင်းလက်ခံရယူရမည်။ ပစ္စည်းလွှဲပြောင်းလက်ခံရမည့်နေ့ရက်မှ (၂)လအတွင်း ပစ္စည်းလွှဲပြောင်းလက်ခံရယူခြင်းမရှိပါက အခြားဝယ်ယူမည့်သူများသို့ စက်ယန္တရားကိုလွှဲပြောင်းရောင်းချမည်ဖြစ်ပြီး နောက်တစ်ကြိမ်ပစ္စည်း လက်ခံရရှိသည့်အခါမှသာ စက်ယန္တရားကို ရရှိနိုင်မည်ဖြစ်ကြောင်း အငှားဝယ်ယူသူမှ သဘောတူပါသည်။

၅။ အငှားဝယ်ယူသူသည် အငှားရောင်းချသူကသတ်မှတ်ထားသော အရစ်ကျငွေပေးချေပြီးမှသာလျှင် ယင်းစက်ယန္တရား၏ပိုင်ဆိုင်မှု (Title of Ownership) သည် အငှားဝယ်ယူသူ၏လက်ဝယ်သို့ ရောက်ရှိသည်ဟု သဘောပေါက်နားလည်ပါသည်။

၆။ <u>အငှားရောင်းချသူ၏ တာဝန်နှင့်အခွင့်အရေးများ</u>

(က) အငှားရောင်းချသူက မိမိရောင်းချသောစက်ယန္တရားအား သတ်မှတ်ထားသောစည်းကမ်းနှင့်အညီ စိတ်အေးချမ်းသာစွာ အသုံးချနိုင်အောင် လိုအပ်သည်များကိုဆောင်ရွက်လျက် ရောင်းချသည့်သတ်မှတ်ရက်တွင် လက်ရောက်ပေးအပ်ရပါမည်။

(ခ) အငှားဝယ်ယူသူက နောက်ဆက်တွဲ 'က'ပါ စည်းကမ်းများကိုဖောက်ဖျက်၍ အရစ်ကျပေးရန်ပျက်ကွက်ခြင်းရှိခဲ့လျှင် အရစ်ကျပေးရန် <u>ပျက်ကွက်သည်နှင့်တစ်ပြိုင်နက်</u> အငှားရောင်းချသူက အငှားရောင်းချစာချုပ်ကို ဖျက်သိမ်းစေခြင်းနှင့် အငှားရောင်းချသည့်စက်ယန္တရားအား ပြန်လည်သိမ်းယူမည်ဖြစ်ပါသည်။

(ဂ) အငှားဝယ်ယူသူထံမှ အရစ်ကျပေးငွေအားလုံးကိုလက်ခံရရှိပြီးပါက ငွေအကြေအရောင်းအဝယ်စာချုပ်ကို တပ်မံချုပ်ဆိုပေးပါမည်။

စာမျက်နှာ(၂)သို့

Scanned with CamScanner






(ဃ) အငှားရောင်းချသူမှ ရောင်းချသည့်စက်ယန္တရားသည် ၎င်းတစ်ဦးတည်းပိုင်ဖြစ်၍ မည်သည့်အရှုပ်အရှင်း ကြွေးမြီမျှမရှိကြောင်း ဝန်ခံကတိပြုပါသည်။

၇။ <u>အငှားဝယ်ယူသူ၏ တာဝန်နှင့်အခွင့်အရေးများ</u>

(က) အငှားဝယ်ယူသူသည် မိမိဝယ်ယူသည့် စက်ယန္တရားကိုလက်ခံရရှိသည့်အခါတွင် မိမိမှာယူသည့်အမျိုးအစား၊ မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့်တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုး လက်ခံရမည်။ အကယ်၍ ဝယ်ယူသည့်စက်ယန္တရားတွင် ချွတ်ယွင်းချက်တွေ့ရှိပါက ပြင်ဆင်ရေးဌာန (Service Center) သို့ ဝယ်ယူစဉ်ကတည်းက အကြောင်းကြားခေါ်ယူရမည်။

(ခ) အငှားဝယ်ယူသည့်စက်ယန္တရားကို ဤစာချုပ်တွင်အဆိုပြုထားသည့် နေရာတွင်သာအသုံးပြုရမည်။ နေရာပြောင်းရွှေ့အသုံးပြုလိုပါက အငှားရောင်းချသူ၏ ခွင့်ပြုသဘောတူညီမှုဖြင့်သာ နေရာပြောင်းရွှေ့ခွင့်ရှိကြောင်း သဘောတူပါသည်။

(ဂ) အငှားဝယ်ယူသည့်စက်ယန္တရားကို ဥပဒေနှင့်မညီသည့် မည်သည့်ကိစ္စတွင်မှအသုံးမပြုရ။ ယင်းသို့အသုံးပြုခြင်းကြောင့် အငှားရောင်းချသူတွင် ဆုံးရှုံးနစ်နာမှုတစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့လျှင်သော်လည်းကောင်း၊ စက်ယန္တရား ယာဉ်တိုက်မှု၊ ထိခိုက်ပျက်စီးမှု၊ သိမ်းဆည်းခံရမှုများ ဖြစ်ပွားခဲ့လျှင်သော်လည်းကောင်း အငှားဝယ်ယူသူမှ အလုံးစုံ တာဝန်ယူဆောင်ရွက်ပေးရမည့်အပြင် အငှားရောင်းချသည့်စက်ယန္တရားကို အငှားရောင်းချသူက ပြန်လည်သိမ်းယူနိုင်ပြီး ဆုံးရှုံးနစ်နာသည့်တန်ဖိုးနှင့် နစ်နာကြေးကိုတရားစရိတ်နှင့်တကွ အငှားဝယ်ယူသူမှ ပေးလျော်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

(ဃ) အငှားဝယ်ယူသည့် စက်ယန္တရားကို မူလအကောင်းပကတိအခြေအနေ အနေအထားမှပြောင်းလဲသွားအောင် လုပ်ဆောင်ခြင်းမပြုရ။ အငှားဝယ်ယူသူမှ မိမိသဘောအလျောက်အငှားရောင်းချသူ၏ ခွင့်ပြုချက်မရရှိပဲ လဲလှယ်တပ်ဆင်ထားသည့် စက်ယန္တရားနှင့်စက်အပိုပစ္စည်းများကို အငှားရောင်းချသူမှ ပိုင်ဆိုင်ခွင့်ရှိစေရမည့်အပြင် မူလအကောင်းပကတိအခြေအနေသို့ ပြန်လည်ရောက်ရှိအောင်ပြုပြင်ရလျှင် ပြုပြင်စရိတ်ကိုအငှားဝယ်ယူသူမှ ထပ်မံပေးလျော်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

(င) အငှားဝယ်ယူသူအနေဖြင့် မိမိစိတ်တိုင်းကျကြည့်ရှုစစ်ဆေးပြီးမှ ဝယ်ယူသည့်အတွက်စရံငွေကို ပြန်လည်တောင်းခံခြင်းမပြုသကဲ့သို့ ပေးသွင်းရမည့်အရစ်ကျငွေအားလုံးကို သတ်မှတ်ထားသည့်ကာလအတွင်း မှန်မှန်ပေးချေရန် တာဝန်ရှိကြောင်း ဝန်ခံကတိပြုပါသည်။

(စ) အငှားဝယ်ယူသူသည် အရစ်ကျပေးချေရမည့်ကျသင့်သည့်ငွေများကို သတ်မှတ်ထားသောကာလအတွင်း အပြေအကြေပေးချေရန်ပျက်ကွက်ပါက ရောင်းချသည့်ကုမ္ပဏီ၏ ငွေကြေးလည်ပတ်စီးဆင်းမှု နှောင့်နှေးကြန့်ကြာစေသည့်အတွက် နစ်နာမှုရှိသည့်အားလျော်စွာ အငှားဝယ်ယူသူက နစ်နာကြေးအဖြစ်ပေးဆောင်ရန် ကျန်ရှိသည့် တန်ဖိုးငွေ၏ (၅%) တွက်ချက်၍ ပေးရမည်ဖြစ်သည့်အပြင် ကျန်ငွေပေးချေရန် (၁)လတိတိ ဆက်လက်ပျက်ကွက်ပါက စက်ယန္တရားတွင်ပါရှိသော (Control Module/EFC Card/ECU/AVR) တို့အား ဖြုတ်သိမ်းမည်ဖြစ်သည်။

(ဆ) အငှားဝယ်ယူသူသည့် ကျန်ငွေပေးချေရန်(၂)လတိတိ ဆက်လက်ပျက်ကွက်နေပါက ဤသဘောတူစာချုပ်ပါအတိုင်း အငှားရောင်းချသူမှ အငှားရောင်းချထားသည့်စက်ကိုတရားဝင်ပြန်လည်သိမ်းယူမည်ဖြစ်ပြီး၊ အငှားဝယ်ယူသူမှ အငှားရောင်းချသူထံသို့ ကနဦးပေးသွင်းထားသော စက်တန်ဖိုးငွေများအား ပြန်လည်ထုတ်ယူခွင့်ပေးမည်မဟုတ်ကြောင်း ကို သိရှိသဘောတူပါသည်။

(ဇ) အငှားဝယ်ယူသူသည် အငှားရောင်းချသူဘက်မှ ပြန်လည်သိမ်းယူထားသောစက်ကို ပြန်လည်ရွေးယူလိုလျှင် စက်သိမ်းယူစဉ်က ကုန်ကျခဲ့သော ကုန်ကျစရိတ်များနှင့် ပေးရန်ကျန်ရှိနေသောငွေကြေးအဝဝကို အပြေအကြေ ပေးချေပြီးမှသာလျှင် ပြန်လည်ရွေးယူနိုင်မည်ဖြစ်ပါသည်။

(ဈ) စက်ယန္တရားအား ပြန်လည်သိမ်းဆည်းခြင်းခံရပါက စက်ယန္တရားဝယ်ယူသူမှ အသုံးပြုခဲ့သောနာရီအလိုက် ကျသင့်တန်ဘိုးကို စက်ယန္တရားစံငှားရမ်းခနှုန်းထားအတိုင်း ဝယ်ယူသူမှ ရောင်းချသူသို့ထပ်မံပေးသွင်းရန် သဘောတူပါသည်။

၈။ အငှားဝယ်စက်ယန္တရားအား သတ်မှတ်ထားသောစာချုပ်ကာလအတွင်း ငွေများအပြေအကြေ ပေးချေရခြင်း မရှိသေးပါက အငှားဝယ်ယူသူသည် ဖော်ပြပါစက်ယန္တရားကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ တစ်ဆင့်ပြန်လည် ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရွှေ့ပြောင်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်း၊ အခြားနည်းအရလွှဲပြောင်းခြင်း စသည့်မည်သည့်ကိစ္စကိုမျှ လုပ်ဆောင်ပိုင်ခွင့်မရှိကြောင်း သိရှိသဘောတူပါသည်။ ဖော်ပြပါအချက်များကို ဖောက်ဖျက်ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ တရားစွဲဆိုခံရမည်ဖြစ်ပြီး တရားစရိတ်အဝဝကို အငှားဝယ်ယူသူမှ ကျခံရမည်ဖြစ်ကြောင်းနှင့် ပေါ်ပေါက်လာသော နစ်နာမှုအပေါ် ကုမ္ပဏီမှသတ်မှတ်သော နစ်နာကြေးကိုလည်း ပေးလျော်ရန် သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

စာမျက်နှာ(၃)သို့

Scanned with CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250



၉။ အငှားဝယ်ယူသူမှ အငှားရောင်းချခြင်းကိုဖျက်သိမ်းလိုပါက အငှားရောင်းချသူပိုင်စက်ယန္တရားကို ပြန်လည်သိမ်းယူမည်ဖြစ်ကြောင်း သဘောတူညီပါသည်။

၁၀။ စက်ယန္တရားကိုခိုးယူခံရခြင်း၊ လုယက်ခံရခြင်း၊ ဓားပြတိုက်ခံရခြင်း၊ မီးသင့်လောင်ခြင်း၊ ရေနစ်မြုပ်ခြင်း၊ ဖျက်ဆီးခံရခြင်းအစရှိသည့် အကြောင်းတစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးပါးခဲ့ပါက အငှားဝယ်ယူသူမှ တန်ဖိုးအပြည့်ကို ပြန်လည်ပေးလျော်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

၁၁။ <u>တစ်ဖက်သပ်ရုပ်စဲခွင့်</u>

(က) အောက်ပါအကြောင်းတစ်စုံတစ်ရာပေါ်ပေါက်လျှင်အငှားရောင်းချသူမှဤစာချုပ်ကိုတစ်ဖက်သပ်ရုပ်စဲပိုင်ခွင့်ရှိစေရမည်။

(၁) အငှားဝယ်ယူသည့် စက်ယန္တရားအား တရားရုံးတွင်သက်သေခံတင်သွင်းခံရသည့်အခါ။

(၂) အငှားဝယ်ယူသည့် စက်ယန္တရားအား အငှားရောင်းချသူ၏ ခွင့်ပြုချက်မရှိဘဲစက်အစိတ်အပိုင်းများ လဲလှယ်တပ်ဆင်ထားကြောင်း စစ်ဆေးတွေ့ရှိသည့်အခါ။

(၃) အငှားဝယ်ယူသည့် စက်ယန္တရားအား အငှားရောင်းချသူ၏ ခွင့်ပြုချက်မရှိဘဲနေရာပြောင်းရွှေ့အသုံးပြုကြောင်း စစ်ဆေးတွေ့ရှိသည့်အခါ။

(၄) အငှားဝယ်ယူသည့် စက်ယန္တရားအား လေလံတင်ရောင်းချခြင်းခံရသည်ဟု မှတ်ယူနိုင်သည့်အခါ။

(၅) အငှားဝယ်ယူသူက ဤစာချုပ်ပါစည်းကမ်းချက်များကိုဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိသည့်အခါ။

(ခ) ဤစာချုပ်ကိုတစ်ဖက်သပ်ရုပ်စဲခြင်းခံရပါက အငှားရောင်းချသူပိုင်စက်ယန္တရားကို တစ်ဖက်သပ်ပြန်လည်သိမ်းယူခြင်းခံရမည့်အပြင် အငှားရောင်းချသူ၏ ဆုံးရှုံးနစ်နာမှုအတွက် ဆုံးရှုံးနစ်နာသည့်တန်ဖိုးနှင့် နစ်နာကြေးကို တရားစရိတ်နှင့်တကွ အငှားဝယ်ယူသူမှ ပေးလျော်ပါမည်ဟု သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

၁၂။ ဤစာချုပ်နှင့်ပူးတွဲပါစာရွက်စာတမ်းအားလုံးသည်တဆက်တစပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၃။ ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာ ပေါ်ပေါက်ပါက Chrysanthemum Wealth Co., Ltd. အထွေထွေမန်နေဂျာ (General Manager) နှင့် စက်ယန္တရားဝယ်ယူသူဘက်မှ တာဝန်ရှိသူတို့ နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ရန် သဘောတူညီပါသည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို အငှားရောင်းချသူနှင့် အငှားဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိကောင်းစွာ နားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာအသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျှက် မိမိတို့၏လွပ်လပ်သောသဘောဆန္ဒနှင့်အညီ အောက်ပါ အသိသက်သေများ၏ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| <u>စက်ယန္တရားအငှားရောင်းချသူ</u> | <u>စက်ယန္တရားအငှားဝယ်ယူသူ</u> |
|---|---|
| For [signature] Aung Hein Win. | [signature] |
| ဒေါ်ခင်မာသီ (၆/ထဝန(နိုင်)၁၀၂၈၂၀) | ဦးချမ်းမြေ့ထွန်း ( ၁၄/ပသန(နိုင်)၁၅၆၉၈၅) |
| (for and on behalf of Chrysanthemum Co., Ltd.) | |

<u>အသိသက်သေများ</u>

For [signature] Aung Hein Win.

| | | | |
|---|---|---|---|
| လက်မှတ် | – | လက်မှတ် | – ------------------------ |
| အမည် | – ရန်ငြိမ်းအောင် | အမည် | – ------------------------ |
| နငသအမှတ် | – | နငသအမှတ် | – ------------------------ |
| နေရပ် | – အမှတ်(၄၉–က)၊ ကြက်စာပြင်ရပ်ကွက်၊ | နေရပ် | – ------------------------ |
| | – ထားဝယ်မြို့၊ တနင်္သာရီတိုင်း။ | | – ------------------------ |

For [signature] Aung Hein Win.

လက်မှတ် –
အမည် – ငြိမ်းငြိမ်းသက်
နငသအမှတ် – ၆/ထဝန(နိုင်)၁၃၁၃၆၉
နေရပ် – အမှတ်(၄၉–က)၊ ကြက်စာပြင်ရပ်ကွက်၊ထားဝယ်မြို့၊ တနင်္သာရီတိုင်း။

စာမျက်နှာ(၄)သို့

Scanned with CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250



<u>နောက်ဆက်တွဲ</u> " <u>က</u> "

**အငှားရောင်းချခြင်းနှင့်စပ်လျဥ်းသည့်ငွေပေးချေခြင်းအသေးစိတ်**

၁။ ရောင်းချသည့်စက်ယန္တရားအမျိုးအမည် - Used Hitachi Excavator ZX350LCH-3F (1)Unit

၂။ သတ်မှတ်အငှားရောင်းဈေး -(1)Unit အတွက် တန်ဖိုးငွေကျပ် - ၂၁၄,၅၀၀,၀၀၀/- (မြန်မာငွေကျပ်- နှစ်ထောင့်တစ်ရာလေးဆယ့်ငါးသိန်းကျပ်တိတိ) (ကုန်သွယ်လုပ်ငန်းခွန် အပါအဝင်ဈေးနှုန်း) Landed Dwei ဖြစ်ပါသည်။

၃။ <u>ငွေပေးချေခြင်းစနစ်</u>

1st Payment-(1)Unitအတွက် ပထမအရစ်ကျငွေအဖြစ် တန်ဖိုးငွေကျပ်-၁၂၈,၇၀၀,၀၀၀/-(မြန်မာငွေကျပ်-တစ်ထောင့်နှစ်ရာရှစ်ဆယ့်ခုနှစ်သိန်း ကျပ်တိတိ) ကို (၅-၉-၂၀၂၂) ရက်နေ့တွင် (RV No. DWI-RV-2022-09-0009) (၂၉-၁၁-၂၀၂၃) ရက်နေ့တွင် (RV No. HQT-RV-2023-11-0665) (၂၂-၁-၂၀၂၄) ရက်နေ့တွင် (RV No. HQT-RV-2024-01-0661) ဖြင့် ရောင်းချသူ၏ ထားဝယ်ရုံးသို့ ပေးချေရာ လက်ခံရရှိပြီးဖြစ်ပါသည်။

<u>ကျန်ငွေပေးချေမှုစနစ်</u>

စက်ယန္တရား (1)Unit အတွက်စုစုပေါင်းကျန်ရှိငွေ ကျပ်-၈၅,၈၀၀,၀၀၀/- (မြန်မာငွေကျပ်- ရှစ်ရာငါးဆယ့်ရှစ်သိန်းကျပ်တိတိ) ကို အောက်ပါအတိုင်း အပြေအကြေပေးချေရန် သဘောတူညီကြပါသည်။

2nd Payment - (1)Unit အတွက် ဒုတိယအရစ်ကျငွေအဖြစ် တန်ဖိုးငွေ ကျပ် - ၁၄,၃၀၀,၀၀၀/- ကို ၂၀၂၄ ခုနှစ် ၊ ဖေဖော်ဝါရီလ တွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

3rd Payment - (1)Unit အတွက် တတိယအရစ်ကျငွေအဖြစ် တန်ဖိုးငွေ ကျပ် - ၁၄,၃၀၀,၀၀၀/- ကို ၂၀၂၄ ခုနှစ် ၊ မတ်လ တွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

4th Payment -(1)Unit အတွက် စတုတ္ထအရစ်ကျငွေအဖြစ် တန်ဖိုးငွေ ကျပ် - ၁၄,၃၀၀,၀၀၀/- ကို ၂၀၂၄ ခုနှစ် ၊ ဧပြီလ တွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

5th Payment -(1)Unit အတွက် ပဥ္စမအရစ်ကျငွေအဖြစ် တန်ဖိုးငွေ ကျပ် - ၁၄,၃၀၀,၀၀၀/- ကို ၂၀၂၄ ခုနှစ် ၊ မေလ တွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

6th Payment -(1)Unit အတွက် ဆဋ္ဌမအရစ်ကျငွေအဖြစ် တန်ဖိုးငွေ ကျပ် - ၁၄,၃၀၀,၀၀၀/- ကို ၂၀၂၄ ခုနှစ် ၊ ဇွန်လ တွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

Final Payment -(1)Unit အတွက် ကျန်ငွေ တန်ဖိုးငွေ ကျပ် - ၁၄,၃၀၀,၀၀၀/- ကို ၂၀၂၄ ခုနှစ် ၊ ဇူလိုင်လ တွင် ရောင်းချသူ၏ ရန်ကုန်ရုံးသို့ ပေးချေရန် သဘောတူညီပါသည်။

၄။ ဝယ်ယူသူမှငွေပေးချေမှုများကို သတ်မှတ်ထားသည့်အငှားရောင်းကာလစုစုပေါင်း (၆)လအတွင်း (၂၀၂၄ ခုနှစ်၊ ဇူလိုင်လ) အတွင်း နောက်ဆုံးထား၍ ကျန်ငွေများကို မပျက်မကွက်မှန်မှန် အပြီးအပြတ်အပြေအကြေ ပေးချေရန် သဘောတူညီ ကြပါသည်။

၅။ စက်ယန္တရားလွှဲပြောင်းချိန် - ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ။

(မှတ်ချက်။ စက်ယန္တရားအငှားဝယ်ယူသူသည် သတ်မှတ်ထားသည့်လအတွင်း အရစ်ကျငွေ ပေးချေရန်ပျက်ကွက်ပါက လစဉ်(၅%) ဒဏ်ကြေးပေးဆောင်ရမည်ကို သဘောတူပါသည်။)

စာမျက်နှာ(၅)သို့

Scanned with CamScanner






(မှတ်ချက်။စက်ယန္တရားအငှားရောင်းချသူမှလည်း စက်လွှဲပြောင်းပြီးနောက် စက်ချို့ယွင်းမှုအတွက် အပိုပစ္စည်းသော်လည်းကောင်း၊ စက်ပြင်ဝန်ဆောင်မှုသော်လည်းကောင်း လုပ်ဆောင်ပေးမည်မဟုတ်ကြောင်းနှင့် ရောင်းချပြီးသောစက်ကိုမည်သည့်စက်အသစ်၊ အဟောင်းနှင့်မျှလဲလှယ်ပေးမည်မဟုတ်ကြောင်းကို စက်ယန္တရားအငှားဝယ်ယူသူမှ သိရှိသဘောတူပါသည်။)

၆။ စက်ယန္တရားလွှဲပြောင်းချိန်တွင် စက်ယန္တရားနှင့်ပတ်သက်သည့်စာရွက်စာတမ်းများကို စက်ယန္တရားအငှားရောင်းချသူမှ စက်ယန္တရားအငှားဝယ်ယူသူသို့ စက်နှင့်အတူတစ်ပါတည်း လွှဲပြောင်းပေးအပ်ရာ လက်ခံရရှိကြောင်းဝန်ခံကတိပြုပါသည်။

၇။ အရစ်ကျပေးသွင်းရာတွင်သတ်မှတ်သည့်သဘောတူညီချက်များ –

(က) အရစ်ကျငွေကိုသတ်မှတ်ရက်တွင်တိကျစွာပေးချေရန်သဘောတူညီပါသည်။

(ခ) အရစ်ကျငွေပေးရန်ပျက်ကွက်ပါကပေးပြီးအရစ်ကျငွေများသည်ငှားရမ်းခပင်ဖြစ်သည်ကိုနားလည်ပါသည်။

(ဂ) အရစ်ကြေးပေးရန်ပျက်ကွက်ခြင်းကြောင့် အငှားရောင်း ကတိပျက်ကွက်သဖြင့် အငှားရောင်းစက်ယန္တရားကို အငှားရောင်းချသူက ပြန်လည်သိမ်းယူမည်ကို ကောင်းစွာသိရှိနားလည်ပြီး သဘောတူလက်ခံပါသည်။

| စက်ယန္တရားအငှားရောင်းချသူ | စက်ယန္တရားအငှားဝယ်ယူသူ |
|---|---|
| For [signature] Aung Hein Win. 24/1/24. | [signature] |
| ဒေါ်ခင်မာသီ (၆/ထဝန(နိုင်)၁၀၂၈၂၀) | ဦးချမ်းမြေ့ထွန်း (၁၄/ပသန(နိုင်)၁၅၆၉၈၅) |
| (for and on behalf of Chrysanthemum Co., Ltd.) | |

အသိသက်သေများ

| | | | |
|---|---|---|---|
| လက်မှတ် | – For [signature] Aung Hein Win. | လက်မှတ် | – ------------------------- |
| အမည် | – ရန်ငြိမ်းအောင် | အမည် | – ------------------------- |
| နငသအမှတ် | – | နငသအမှတ် | – ------------------------- |
| နေရပ် | – အမှတ်(၄၉–က)၊ ကြက်စာပြင်ရပ်ကွက်၊ | နေရပ် | – ------------------------- |
| | – ထားဝယ်မြို့၊ တနင်္သာရီတိုင်း။ | | – ------------------------- |

လက်မှတ် – For [signature] Aung Hein Win.
အမည် – ငြိမ်းငြိမ်းသက်
နငသအမှတ် – ၆/ထဝန(နိုင်)၁၃၁၃၆၉
နေရပ် – အမှတ်(၄၉–က)၊ ကြက်စာပြင်ရပ်ကွက်၊ထားဝယ်မြို့၊ တနင်္သာရီတိုင်း။

Scanned with CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၂၅၀ ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250

# " ကိုယ်တိုင်ကတိပြုဝန်ခံချက် "

ကျွန်တော် ဦးချမ်းမြေ့ထွန်း ၊ နိုင်ငံသားစိစစ်ရေးအမှတ်–၁၄/ပသန(နိုင်)၁၅၆၉၈၅၊ ထားဝယ်မြို့တွင် နေထိုင်သူက အောက်ပါအသိသက်သေများရှေ့မှောက်၌ ဤဝန်ခံချက်ကို လက်မှတ်ရေးထိုး ဝန်ခံချုပ်ဆိုပါသည်။

(ကျွန်တော် ဦးချမ်းမြေ့ထွန်း ဟုဆိုရာ၌ ကျွန်တော့် အပြင် ဇနီး/ခင်ပွန်း သား/သမီးများ၊ အမွေစား/အမွေခံများ ဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရှိကြသူများ၊ တရားဝင်ကိုယ်စားလှယ်များ၊ ကိုယ်စားပြုခံရသူများ အားလုံးပါဝင်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။)

၁။ အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားသောပစ္စည်းသည် ရန်ကုန်မြို့၊ Chysanthemum Wealth Co., Ltd. ပိုင်ငွေဖြင့်ဝယ်ယူ၍ ကျွန်တော်အား အငှားအဝယ် (Hire Purchase) စနစ်ဖြင့် ယုံကြည်အပ်နှံ အသုံးပြုခွင့်ပေးခြင်းသာဖြစ်ကြောင်း ဝန်ခံပါသည်။

၂။ ယင်းပစ္စည်းနှင့်ပတ်သက်၍ ကုမ္ပဏီမှ သတ်မှတ်ထားသည့် အရစ်ကျပေးဆပ်ရမည့်ငွေများကို လစဉ် သတ်မှတ်ရက်ထက် နောက်မကျစေဘဲ ကုမ္ပဏီ၏ ဘဏ်စာရင်းသို့ပေးသွင်းရန်နှင့် အကယ်၍ လစဉ်အရစ်ကျပေးသွင်းငွေ ပျက်ကွက်ပါက ပျက်ကွက်ကြေး (Default Fees)ကို (၅%)ဖြင့် ပေးသွင်းရန် သဘောတူပါသည်။

၃။ အဆိုပါပစ္စည်းအတွက် ကုမ္ပဏီက သတ်မှတ်ထားသည့် အရစ်ကျတန်ဖိုးငွေများ အပြေအကြေမပေးချေရသေးမီကာလတစ်လျှောက်တွင် ပစ္စည်း၏ပိုင်ရှင်မှာ Chysanthemum Wealth Co., Ltd. သာဖြစ်ကြောင်း သိရှိပါသည်။

၄။ (၁)လနှင့်အထက် ငွေပေးချေရန် ပျက်ကွက်ခဲ့ပါက ဝယ်ယူသူမှ Chysanthemum Wealth Co., Ltd. သို့ ငှားရမ်းဝယ်ယူထားသော Used Hitachi Excavator ZX350H-3F (1)Unit တည်ရှိရာနေရာ (သို့မဟုတ်) တည်ရှိသည်ဟု သံသယ တည်ရှိရာနေရာများသို့ သွားရောက်၍ Chysanthemum Wealth Co., Ltd. မှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ၏ အစီအမံဖြင့် ပြန်လည်သိမ်းယူရာတွင် သာယာအေးချမ်းစွာဖြင့် အဆိုပါ Used Hitachi Excavator ZX350H-3F (1)Unit ကို လက်ရောက်အပ်နှံပါမည်ဟု အငှားဝယ်ယူသူ ဝန်ခံကတိပြုပါသည်။ ထိုသို့ Used Hitachi Excavator ZX350H-3F (1)Unit ပြန်လည်သိမ်းယူရာတွင် ကုန်ကျစရိတ် ကျသင့်သောတန်ဖိုးငွေကို အငှားဝယ်ယူသူဘက်မှ ကျခံရမည်ကို သိရှိသဘောတူပါသည်။ ထိုကဲ့သို့ Used Hitachi Excavator ZX350H-3F (1)Unit ပြန်လည်သိမ်းယူသည့်အချိန်၌ အသုံးပြုသုံးစွဲထားသော ကီလိုကုန်ကျစရိတ်တန်ဖိုးသည် ပေးသွင်းထားပြီးသော အရစ်ကျငွေကြေးထက် ပိုမိုနေပါက အဆိုပါ တန်ဖိုးငွေကို ထပ်မံပေးသွင်းရမည်ကို သိရှိပါသည်။

၅။ အကယ်၍ ကျွန်တော် သည် ကုမ္ပဏီသို့ ပေးဆပ်ရမည့် အရစ်ကျငွေများကို လစဉ်မှန်ကန်စွာ ပေးသွင်းရန် ပျက်ကွက်ပါက Chysanthemum Wealth Co., Ltd. အနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး/ မြန်မာနိုင်ငံရဲတပ်ဖွဲ့စသည်တို့အား တိုင်ကြား၍သော်လည်းကောင်း၊ အခြားနည်းလမ်းဖြင့်သော်လည်းကောင်း၊ အချိန်မရွေး၊ နေရာမရွေး ကုမ္ပဏီပိုင်ပစ္စည်းကို လက်ဝယ်ထားရှိသူ၊ မည်သူ့ထံမှမဆို ပြန်လည်သိမ်းယူခွင့်ရှိကြောင်း ဝန်ခံပါသည်။

ကျွန်တော် ဦးချမ်းမြေ့ထွန်း (သို့မဟုတ်) ကိုယ်တိုင် အာမခံပစ္စည်းအဖြစ် ပေးအပ်ထားသော (၂၂–၁–၂၀၂၄) ရက်နေ့စွဲပါ စာမျက်နှာ(၁)ရှိ အာမခံပစ္စည်းကို "အပြီးအပိုင် အရောင်းအဝယ်စာချုပ်" ချုပ်ဆိုပေးပြီး၊ အာမခံပစ္စည်းကို Chysanthemum Wealth Co., Ltd. မှ ရောင်းချပြီးလက်ရောက်လွှဲပြောင်းရယူသွားဖြစ်ကြောင်းကို သိရှိသဘောတူပါသည်။

၆။ အငှားချေးငွေစနစ်ဖြင့် ဝယ်ယူသည့်ပစ္စည်းအား Chysanthemum Wealth Co., Ltd. အမည်ဖြင့် အလုံးစုံအာမခံထားရှိရန်နှင့် Chysanthemum Wealth Co., Ltd. လက်ဝယ်တွင်ရှိသည့် Chysanthemum Wealth Co., Ltd. Possession ဟူသော Seal တံဆိပ်ကပ်နှိပ်ရန် သဘောတူကြောင်း ဝန်ခံကတိပြုပါသည်။

၇။ ပစ္စည်းတန်ဖိုးပေးသွင်းငွေများ အပြေအကြေပေးဆပ်နိုင်ခြင်းမရှိဘဲ ယင်းကုမ္ပဏီပိုင်ပစ္စည်းအား တစ်နည်းနည်းဖြင့် လွှဲပြောင်း/ရောင်းချ/ပေါင်နှံ/ပေးကမ်းခြင်းပြုမိပါက ယုံကြည်အပ်နှံမှု ဖောက်ဖျက်ခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေအရ ၎င်းကုမ္ပဏီမှ အရေးယူခြင်းကို ခံယူပါမည်ဟု ဝန်ခံကတိပြုပါသည်။

၈။ အဆိုပါပစ္စည်းအား အငှားဝယ်စနစ်ဖြင့် အသုံးပြုလျက်ရှိနေစဉ် ကာလတစ်လျှောက် ကျသင့်သောအခွန်အခ၊ ပျက်စီး၍ ပြင်ဆင်ကုန်ကျစရိတ် စသည်တို့ကို မိမိတွင်သာ တာဝန်ရှိကြောင်း သိရှိပါသည်။

၉။ အဆိုပါပစ္စည်းအား အငှားဝယ်စနစ်ဖြင့် အသုံးပြုနေစဉ်ကာလအတွင်း တည်ဆဲဥပဒေနှင့် မလွတ်ကင်းသော ပြုလုပ်မှုတစ်ရပ်ကိုပြုလုပ်မိပါက မိမိတွင်သာတာဝန်ရှိသည့်အတွက် အဆိုပါကိစ္စအား ပြီးဆုံးပြေလည်သည်အထိ တာဝန်ယူဖြေရှင်းပေးပါမည်ဟု ဝန်ခံပါသည်။

စာမျက်နှာ(၂)သို့

Scanned with CamScanner






၁၀။ အကယ်၍ အငှားဝယ်ယူသူမှ အရစ်ကျငွေပေးချေရန် ပျက်ကွက်ပါ အထက်ပါအရောင်းအဝယ်ကိစ္စများကို အာမခံကတိပြုလက်မှတ်ရေးထိုးထားသူ ဦးချမ်းမြေ့ချစ် မှ အလုံးစုံတာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းကို သိရှိသဘောတူပါသည်။

ဤစာချုပ်ပါစကားရပ်၊ အကြောင်းအရာ ဝန်ခံချက်များကို အငှားရောင်းချသူနှင့် အငှားဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည်ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှုသိရှိ ကောင်းစွာနားလည်သဘောပေါက်ကြပြီး မည်သူတစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ဩဇာအသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျက် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒနှင့်အညီ အောက်ပါအသိသက်သေများ၏ ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤကတိပြုဝန်ခံချက်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

ဦးချမ်းမြေ့ချစ်
(၁၂/ကတတ(နိုင်)၀၂၃၇၃၂)
**(အာမခံသူ)**

ဦးချမ်းမြေ့ထွန်း
(၁၄/ပသန(နိုင်)၁၅၆၉၈၅)
**(ဝန်ခံကတိပြုသူ)**

For Aung Hein Win.

အသိသက်သေများ

လက်မှတ် -
အမည် - ရန်ငြိမ်းအောင်
နငသအမှတ် -
နေရပ် - အမှတ်(၄၉-က)၊ ကြက်စာပြင်ရပ်ကွက်၊
- ထားဝယ်မြို့၊ တနင်္သာရီတိုင်း။

လက်မှတ် - ------------------------
အမည် - ------------------------
နငသအမှတ် - ------------------------
နေရပ် - ------------------------
- ------------------------

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250

"၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၂၂)ရက်နေ့တွင် ချုပ်ဆိုထားသော
**Used Hitachi Excacator ZX350H-3F (1)Unit**
စက်ယန္တရား အငှားရောင်းစာချုပ်၏ နောက်ဆက်တွဲစာချုပ်"

ပစ္စည်းအာမခံထားခြင်းကို ။ ။ ဒေါ်ခင်မာသီ (ဘ) ဦးပန်းမြိုင်
လက်ခံသူ
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်- ၆/ထဝန(နိုင်)၁၀၂၈၂၀
(for and on behalf of Chysanthemum Wealth Co., Ltd.)
အမှတ်(၄၉-က)၊ ကြက်စာပြင်ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။

For Aung Hein Win

ပစ္စည်းအာမခံထားရှိသူ ။ ။ ဦးချမ်းမြေ့ထွန်း (ဘ) ဦးထွန်းချစ်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် – ၁၄/ပသန(နိုင်)၁၅၆၉၈၅
လိပ်စာ-အမှတ်(၅)အုပ်စု၊ အမှတ်(၆)ကျေးရွာ၊ နမ့်စန်မြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း။
ဖုန်း-၀၉-၆၉၃၄၅၇၀၇၆။

(အထက်ဖော်ပြပါ ပစ္စည်းအာမခံထားခြင်းကိုလက်ခံသူဟုဆိုရာ၌လည်းကောင်း၊ ပစ္စည်းအာမခံထားရှိသူဟု ဆိုရာ၌လည်းကောင်း၊ ၎င်းတို့ကိုယ်တိုင်အပြင် ၎င်းတို့အသီးသီး၏ အမွေစားအမွေခံများ၊ အမွေဆက်ခံခွင့်ရှိသူများ၊ တရားဝင်ကိုယ်စားလှယ်များနှင့်ကိုယ်စားပြုခံရသူများ၊ လွှဲပြောင်းခြင်းခံရသူများအားလုံး ပါဝင်သည်ဟုမှတ်ယူရမည်။)

၁။ စက်ယန္တရားအငှားရောင်းချသူနှင့် စက်ယန္တရားအငှားဝယ်ယူသူတို့အကြား ပြုလုပ်ချုပ်ဆိုခဲ့ကြသော Used Hitachi ZX350H-3F (1)Unit - စက်ယန္တရားအငှားရောင်း စာချုပ်အမှတ် (WL-HS-047/2024) အရ အငှားရောင်းချသူထံ အရစ်ကျပေးရန်ကျန်ရှိသောငွေအားလုံး တန်ဖိုးငွေကျပ်–၈၅,၈၀၀,၀၀၀/– အတွက် စက်ယန္တရားအငှားဝယ်ယူသူမှ ယင်း စက်ယန္တရားအငှားဝယ်ယူမှုအတွက် အာမခံပစ္စည်းအဖြစ် အောက်တွင် ဖော်ပြထားသည့် ပိုင်ဆိုင်မှုများအား Chysanthemum Wealth Co., Ltd. တွင် ထားရှိပါမည်ဟု ပစ္စည်း အာမခံထားရှိသူ ဦးချမ်းမြေ့ထွန်း မှ ကတိပြုပါသည်။

၂။ <u>အာမခံထားရှိမည့်ပစ္စည်းအမျိုးအစား</u>

- တနင်္သာရီတိုင်း၊မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ သိန်ခွန်ကျေးရွာ၊ ကွင်းအမှတ်/အမည် (၁၀.OSS/သိန်ခွန်ကြေး/ပြင်)၊ ဦးပိုင်အမှတ် (၃၆)၊ ဧရိယာ (၀.၄၆)ဧကရှိ ဦးချမ်းမြေ့ထွန်း အမည်ပေါက် ဥယျာဉ်မြေ ပုံစံ (၇)နှင့် (၁၀၅) မူရင်း (၁)စုံ။

၃။ အထက်ဖော်ပြပါ အာမခံထားရှိသော ပိုင်ဆိုင်မှုများသည် အာမခံထားရှိသ မှ တရားဝင်ပိုင်ဆိုင်ထားပြီး အခြားအရှုပ်အရှင်း တစ်စုံတစ်ရာမရှိကြောင်း အာမခံထားသူမှ တာဝန်ယူပါသည်။ အာမခံထားရှိသူမှ အာမခံထားရှိမည့် ပိုင်ဆိုင်မှုများအား အာမခံအဖြစ်အပ်နှံသည့်ကာလမှာ အရစ်ကျငွေ နောက်ဆုံး ပေးသွင်းရမည့် (၂၀၂၄ ခုနှစ်၊ ဇူလိုင်လ) ကာလအထိဖြစ်ကြောင်းနှင့် ယင်းငွေများအပြေအကြေ လက်ခံရရှိပြီးပါက အာမခံထားသော ပိုင်ဆိုင်မှုမူရင်းများအား ပစ္စည်းအာမခံထားရှိသူသို့ ပြန်လည်ပေးအပ်ရန် သဘောတူညီပါသည်။

စာမျက်နှာ(၂)သို့

Scanned with CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၅၀ ကျပ် ငွေနှစ်ရာငါးဆယ်ကျပ် K 250



၄။ စက်ယန္တရား အငှားဝယ်ယူသူသည် စက်ယန္တရားအရောင်းအဝယ် သဘောတူကတိပြုစာချုပ်တွင် အငှားဝယ်ယူသူ၏ တာဝန်နှင့်အခွင့်အရေးများအပိုဒ်ခွဲ(ဈ)ပါအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ခဲ့ပါက စက်ယန္တရား အရောင်းအဝယ်သဘောတူကတိပြုစာချုပ်၏ နောက်ဆက်တွဲစာချုပ် အပိုဒ်(၂)တွင် အငှားဝယ်ယူသူမှ အာမခံ ပစ္စည်းအဖြစ်တင်သွင်းထားသည့် ယာမြေ (၀.၄၆)ဧက ကို အငှားဝယ်ယူသူမှ အငှားရောင်းချသူသို့ ပစ္စည်းနှင့်တကွ အာမခံပစ္စည်းကို အပြီးအပိုင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ အာမခံပစ္စည်းကို လက်ရောက်ပေးအပ်ရန် ဝန်ခံကတိပြုပါသည်။ ထို့အပြင် အငှားဝယ်ယူသူအား ဆက်သွယ်၍မရနိုင်သည်အထိ ဖြစ်ပေါ်လာပါက အငှားဝယ်ယူသူ အာမခံထားရှိသောပစ္စည်းအား အငှားရောင်းချသူမှ လက်ရောက်သိမ်းပိုက်နိုင်သည်ကို အငှားဝယ်ယူသူမှ သဘောတူပါသည်။

၅။ အထက်စာချုပ်ပါစကားရပ်များကို ပစ္စည်းအာမခံထားခြင်းကို လက်ခံသူနှင့် ပစ္စည်းအာမခံထားသူတို့ နှစ်ဦးနှစ်ဖက် ဖတ်ရှု၊ သိရှိနားလည်သဘောပေါက်ကြပါ၍ မည်သူတစ်ဦးတစ်ယောက်မျှ လိမ်လည်ဖြားယောင်းသွေးဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့မပါဝင်ဘဲ မိမိတို့၏လွတ်လပ်သောသဘောဆန္ဒအရ အောက်ဖော်ပြပါ အသိသက်သေများ ရှေ့မှောက်၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုပါသည်။

<u>ပစ္စည်းအာမခံထားခြင်းကို လက်ခံသူ</u>

for Aung Hein Win.

ဒေါ်ခင်မာသီ (၆/ထဝန(နိုင်)၁၀၂၈၂၀)

(for and on behalf of Chrysanthemum Co., Ltd.)

<u>ပစ္စည်းအာမခံထားရှိသူ</u>

ဦးချမ်းမြေ့ထွန်း (၁၄/ပသန(နိုင်)၁၅၆၉၈၅)

<u>အသိသက်သေများ</u>

လက်မှတ် - for Aung Hein Win.
အမည် - ရန်ငြိမ်းအောင်
နသေအမှတ် -
နေရပ် - အမှတ်(၄၉-က)၊ ကြက်စာပြင်ရပ်ကွက်၊
- ထားဝယ်မြို့၊ တနင်္သာရီတိုင်း။

လက်မှတ် - ------------------------
အမည် - ------------------------
နသေအမှတ် - ------------------------
နေရပ် - ------------------------
- ------------------------

Scanned with CamScanner